ပြည်ထောင်စုတရားလွှတ်တော်ချုပ်

သီလ သမာဓိ ပညာ



# သင့်အတွက်တရားရုံး

## သင့်အတွက် တရားရုံး၏ရည်မှန်းချက်

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားသုံးပါးထွန်းကားမှ မြန်မာ့လူ့ဘောင် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မည်။ ဤအချက်ကို တရားရုံးများက စွဲမြဲစွာ ယုံကြည်သည်။



သင် အပါအဝင် မြန်မာလူထုအတွက် လောကပါလတရားထွန်းကားစေရန် တရားရုံးများက အောက်ဖော်ပြပါရည်မှန်းချက် ၄ ရပ် ထားရှိဆောင်ရွက်နေပါသည်-

* တရားဥပဒေစိုးမိုးရေး နှင့် ရပ်ရွာအေးချမ်းသာယာရေး၊
* ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး၊
* အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး၊
* တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး။

## သင့်အတွက် တရားရုံး၏ သတ်မှတ်ချက် လုပ်ငန်းနယ်ပယ်

တရားရုံးအတွက် သင်မဟုတ်ပါ။ သင့်အတွက် တရားရုံး ဖြစ်စေရန် ဖော်ပြပါ ရည်မှန်းချက် ၄ ရပ်ကို အစဉ်တစိုက်မဖြစ်မနေ တရားရုံးက ဆောင်ရွက်နေသည်ကို ယုံကြည်ပေးပါ။


သင့်ယုံကြည်မှုကို တရားရုံးက အမြဲမျှော်လင့်လျက် သင့်အတွက် တရားရုံး၏ ရည်မှန်းချက်များ မြှင့်တင်အကောင်အထည် ဖော်ရန် တရားရုံးများက အောက်ဖော်ပြပါ နယ်ပယ် ၅ ရပ် ချမှတ် ဆောင်ရွက်နေပါသည်-

* အများပြည်သူ၏ တရားမျှတမှု လက်လှမ်းမီရေးကို အကောင်အထည်ဖော်ရန်၊
* လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊
* တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူ ဆောင်ရွက်မှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊
* တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ် ထိန်းသိမ်းရန်၊
* အမှုများ စစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု အားကောင်းလာစေရန်။

# သင်ကူညီမှ ဖြစ်မှာပါ

ပြည်သူများအကြား ဖြစ်ပွားတဲ့ တရားမအမှုအခင်း၊ ရာဇဝတ်အမှုအခင်းများကို အမှန်တရားရှာဖွေဆုံးဖြတ်ပေးရာနေရာဟာ တရားရုံးပါ။ တရားရုံးက အမှန်တရားရှာဖွေရာမှာ တရားစီရင်ရေးနှင့် ဆက်စပ်သော အဖွဲ့အစည်းများ (ရဲ၊ စစစ၊ အကျဉ်းဦးစီးဌာန၊ လဝက၊ သစ်တော၊ မြေစာရင်း၊ ဥပဒေရုံး၊ ဆရာဝန်၊ ရှေ့နေများ) ၏ ပူးပေါင်းပါဝင်မှု ရယူဆောင်ရွက်ပါတယ်။

သင်သည် တရားရုံး၌ တိုင်ကြားသူ၊ နစ်နာသူ၊ စွပ်စွဲခံရသူ သို့မဟုတ် သက်သေစသည်ဖြင့် ပတ်သက်လာလျှင် ကိုယ်ပြုတဲ့အတိုင်း၊ ကိုယ်ခံရတဲ့အတိုင်း ကိုယ်တိုင်သိမြင်တဲ့အတိုင်း မပိုမလို၊ တိတိကျကျ မှန်မှန်ကန်ကန် ဘယ်သူ့ဘက်မှ မလိုက်ဘဲ အမှန်တရား မျက်နှာကို သာလိုက်လျက် တရားရုံးတွင် ထွက်ဆိုပေးပါ။ သင့်အကူအညီ မပါဘဲ တရားရုံးက အမှန်တရားဖော်ထုတ်နိုင်မည် မဟုတ်ပါ။ အမှန်တရားအတွက် သင်ကူညီမှ ဖြစ်မှာပါ။



# တရားရုံးဟာ သွားလာအပ်သောနေရာတစ်ခုပါ

တရားရုံးဆိုတာ မစည်ကားအပ်သောနေရာ၊ မသွား မလာအပ်သောနေရာဟု အထင်မှားတတ်ကြသည်။ တရားရုံးကလည်း အမှန်တရားဆုံးဖြတ်ရာနေရာ သေချာမည်ဆိုလျှင် သင်တို့ကလည်း တရားရုံးအဆုံးအဖြတ်ကို ယုံကြည်အားကိုးစွာ ရယူလိုကြမည် ဆိုလျှင် တရားရုံးများ စည်ကားပါစေ၊ တရားဥပဒေစိုးမိုးသောနိုင်ငံ အဖြစ် မြင်ရတယ်လို့မှတ်ပါ။ တရားရုံးဟာ အမှန်တရားကို ရှာဖွေ ဖော်ထုတ်ပေးသောနေရာဌာနပါ။ အမှန်တရားကို စီရင်ရာနေရာ ဖြစ်ကြောင်း ပြောကာမျှဖြင့်မယုံ၊ ကိုယ်တွေ့ကြုံမှယုံစေဖို့ ကိုယ်တိုင် သွားရောက် လေ့လာကြည့်ရှုပါလို့ အကြံပေးပါရစေ။

ကလေးသူငယ်များကို စီရင်သောတရားရုံးနှင့် လိုအပ်ချက် အရ ကန့်သတ်ထားသည့် တရားရုံးအချို့ကိုသာ မလွဲမရှောင်သာ သင်တက်ရောက် နားထောင်ခွင့် မရမှာပါ။ သာမန်အားဖြင့် တရားရုံးများသည် အများပြည်သူရှေ့မှောက်တွင် လွတ်လပ်စွာ တရားစီရင်လျက်ရှိတာမို့၊ သင် သွားလာသင့်၊ သွားလာအပ်သော နေရာပါ။

# ဘယ်ကို တိုင်တန်းရမှာလဲ

ပြည်သူအချင်းချင်းပစ္စည်းကိစ္စ၊ ငွေကြေးကိစ္စ၊ အမွေကိစ္စ၊ အိမ်ထောင်ခန်းကိစ္စတွေ၊ အငြင်းပွားကြတာကို တရားမမှုလို့ခေါ်ပြီး အချင်းချင်း သတ်ကြ၊ ဖြတ်ကြ၊ ရိုက်နှက်ကြ၊ အကျိုးဖျက်ဆီးကြ စတဲ့ အမှုကိစ္စတွေကိုတော့ ရာဇဝတ်မှုလို့ခေါ်တယ်ဆိုတာ သင် သိပြီးသား ဖြစ်မှာပါ။

ရာဇဝတ်မှုဆိုတိုင်း ရဲကအရေးယူပိုင်ခွင့်ရှိတာ မဟုတ်လို့ ရဲကအရေးယူပိုင်ခွင့်မရှိတဲ့အမှုကို တရားရုံးသို့ ဦးတိုက်လျှောက်ထားဖို့ ရဲကညွှန်ပြမှာပါ။ ရဲက အရေးယူပိုင်သောအမှုလား၊ ရဲက အရေးပိုင်ခွင့်မရှိသောအမှု ( ဦးတိုက်လျှောက်ထားရမဲ့အမှု ) လားဆိုတာ ခွဲခြားဖို့ ခက်ကောင်းခက်ပါမယ်။ စိတ်မပူပါနဲ့၊ အကောင်းဆုံး နည်းလမ်းက အနီးဆုံးရဲစခန်းသို့ အမြန်သွားရောက်တိုင်တန်းပါ။




“ကူညီပါရစေ” ဆောင်ပုဒ်အတိုင်း ရဲတပ်ဖွဲ့က သင့်အား ကူညီဖို့ အသင့်ရှိပါတယ်။ သင် တိုင်တန်းလာသော ရာဇဝတ်မှုကို အရေးယူပိုင်ခွင့်ရှိက အရေးယူပေးမှာဖြစ်ပြီး အရေးယူပိုင်ခွင့်မရှိသော အမှုဖြစ်က တရားရုံး၌ ဦးတိုက်လျှောက်ထားစွဲဆိုရန် ညွှန်ပြပါလိမ့် မယ်။

# တရားမမှုဘယ်ရုံးကိုစွဲရမှာလဲ

တရားမမှုဆိုရင်တော့ ရဲစခန်း မသွားပါနှင့်တော့ တရားရုံးနဲ့ပဲ ဆိုင်ပါတယ်။ စီရင်ပိုင်ခွင့်ရှိတဲ့ တရားရုံးသို့ သွားရောက်လျှောက်ထားရမှာပါ။ တရားရုံးဆိုပေမယ့် အမှုတိုင်း စစ်တာ မဟုတ်ပါ။ အမှုတန်ဖိုးအလိုက် မူလအစ အမှုကို ဘယ်ရုံးမှာ စစ်ရမလဲဆိုတာကို သိဖို့လိုပါတယ်။ တရားစွဲရမယ့်ရုံးကို အမှုတန်ဖိုးအလိုက်ခွဲထားသလို တရားသူကြီး၏ စီရင်ပိုင်ခွင့်အာဏာကိုလည်း အမှုတန်ဖိုးနှင့်ခွဲထားတယ်။ အတွေ့အကြုံနှင့် အမှုတန်ဖိုးအကြီးအသေး အချိုးညီစေပြီး အမှန်တရားနှင့် မလွဲစေအောင်ပါ။

- မြို့နယ်တရားရုံး
  - မြို့နယ်တရားသူကြီး
  - တွဲဖက်မြို့နယ်တရားသူကြီး } ကျပ်သိန်း ၁၀၀ ထက် မပိုသည့်အမှု
  - ဒုတိယမြို့နယ်တရားသူကြီး } ကျပ်သိန်း ၃၀ ထက် မပိုသည့် အမှု
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး/ဒေသတရားရုံး
  - ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး } ကျပ်သိန်း ၁၀၀၀၀ ထက် မပိုသည့်အမှု
  - ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး } ကျပ်သိန်း ၁၀၀၀၀ ထက် မပိုသည့်အမှု
- ခရိုင်တရားရုံး
  - ခရိုင်တရားသူကြီး
  - တွဲဖက်ခရိုင်တရားသူကြီး } ကျပ်သိန်း ၁၀၀၀၀ ထက် မပိုသည့်အမှု
  - ဒုတိယခရိုင်တရားသူကြီး } ကျပ်သိန်း ၅၀၀၀ ထက် မပိုသည့်အမှု
- တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် } ကျပ်သိန်း ၁၀၀၀၀ အထက် တန်ဖိုး အကန့်အသတ်မရှိ

## နိုင်ငံသားအခွင့်အရေးဆုံးရှုံးနေသလား

နိုင်ငံသားတစ်ဦးဟာ -

- တရားဥပဒေနှင့်အညီ မဟုတ်ဘဲ ချုပ်နှောင်ခံရသည်ရှိသော် . . .
- တရားဝင်အခွင့်အာဏာရှိသူ အစိုးရ၊ အဖွဲ့အစည်းက အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ပေးခြင်းမရှိခဲ့သော် . . .
- တရားရုံး သို့မဟုတ် တရားစီရင်မှုသဘော သက်ဝင်သည့်ရုံးက စီရင်ပိုင်ခွင့် အာဏာထက် ကျော်လွန်၍ တရားမျှတမှုနှင့် ဆန့်ကျင်၍ ဥပဒေနှင့် မညီမညွတ် ပြုမူ၍ ဆောင်ရွက်သည်ရှိသော် . . .

နိုင်ငံသားအခွင့်အရေး ဆုံးရှုံးတာပါ။

သင့် အခွင့်အရေး၊ သင့် နစ်နာမှုအတွက် အကာအကွယ်မဲ့ မဟုတ်ပါ။ စာချွန်တော်အမိန့်လျှောက်ထား၍ အကာအကွယ်ရယူကုစားနိုင်ပါတယ်။

စာချွန်တော်လျှောက်ထားမှုကို အမြင့်ဆုံးတရားရုံးဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုသာ လျှောက်ထားရမှာပါ။

## တရားရုံးဘယ်မှာလဲ

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ရုံးအမှတ် (၅၄)၊ နေပြည်တော်။
ရုံးဖုန်း (+၉၅) ၆၇ ၄၃၀ ၃၄၄
ဖက်စ် (+၉၅) ၆၇ ၄၃၀ ၃၄၆
Email-scunion@mptmail.net.mm


- တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံး၊ မော်တော်ယာဉ်တရားရုံး၊ ကလေးသူငယ်တရားရုံးနှင့် စည်ပင်သာယာတရားရုံးများ၏ တည်နေရာနှင့်လိပ်စာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website ဖြစ်သော www. unionsupremecourt.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါတယ်။



# ဘယ်အချိန်တွေမှာ တရားရုံးလာရမလဲ

သင့်အား တရားရုံးက ဆင့်ခေါ်၍ လာရောက်ရမည်ဆိုပါက လာရောက်ရမည့်ရက်၊ အချိန်၊ ဆင့်ခေါ်စာမှာ ဖော်ပြထားပြီးသားပါ။ သတ်မှတ်ချိန်မတိုင်မီ ၁၅ မိနစ်စော၍ ရောက်ရှိသတင်းပို့ထားမယ်ဆိုရင်တော့ အမှုမြန်ဆန်ဖို့ အထောက်အကူဖြစ်ပါမယ်။

တရားရုံးကို သွားရောက်လေ့လာမယ်ဆိုရင်တော့ အခြားအစိုးရရုံး၊ ဌာနများလိုပဲ စနေ၊ တနင်္ဂနွေအပါအဝင် အစိုးရ တရားဝင်ရုံးပိတ်ရက်များမှာ တရားရုံးလည်း ပိတ်ထားမှာဖြစ်လို့ အဲဒီရက်တွေကို ရှောင်လိုက်ပါ။ ရုံးချိန်ကတော့ နံနက် ၀၉ း ၃၀ နာရီမှ ညနေ ၄ း ၃၀ နာရီထိပါပဲ။






## သိချင်တာမေး၊ ပြန်ကြားရေးရှိပြီ

တရားရုံးကို တရားစွဲဖို့ကိစ္စနှင့်လာရင် အမှုတင်သွင်းရန် ဌာန Public Intake Centre ကိုပဲသွားလိုက်ပါ။

ရုံး၊ ဌာနများနှင့်စပ်လျဉ်း၍ သင် သိလိုတာတွေရှိတဲ့အခါ ဘယ်ဌာန၊ ဘယ်သူ့ဆီမေးရမှန်းမသိဖြစ်ခဲ့တာတွေ သင်ကြုံဖူးမှာပါ။ တရားရုံးတွေမှာ အဲသလိုမဖြစ်ရလေအောင် တရားရုံးတိုင်း၊ သတင်းပြန်ကြားရန်ဌာန Public Information Counter တွေထားရှိနေပါပြီ။

သတင်းပြန်ကြားရန်ဌာန Information Counter ရှိသည်ဖြစ်စေ၊ မရှိသေးသည်ဖြစ်စေ ရုံးတိုင်းမှာ သတင်းပြန်ကြားရေး အရာရှိတွေ ခန့်အပ်ထားပြီးပြီမို့ သင် သိချင်တာတွေ အတတ်နိုင်ဆုံး ပြန်ကြား ကူညီပါလိမ့်မယ်။



# ရွာစည်းကမ်း၊ ရပ်စည်းကမ်းလိုပါဘဲ(၁)

သင် - ရွာမှာနေတော့ ရွာစည်းကမ်း၊ အရပ်ထဲမှာ နေတော့ အရပ်စည်းကမ်း လိုက်နာနေထိုင်ခဲ့လို့ ဘဝလုံခြုံမှု၊ အေးချမ်းပျော်ရွှင်မှုရနေတာ သတိရမှာပါ။

တရားရုံးရောက်ရင် တရားရုံးစည်းကမ်း လိုက်နာရမှာပါ၊ တရားရုံးစည်းကမ်းဆိုပေမဲ့ ရွာစည်းကမ်း၊ အရပ်စည်းကမ်းမျိုးပါပဲ။



* တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေ၊ ပြည်သူ့ရဲ စသည်တို့ကို တရားရုံးမှာ သတ်မှတ်ဝတ်စုံတွေနဲ့ တွေ့ရတဲ့အခါ သပ်ရပ်ခန့်ညား လေးစားစရာ မဟုတ်ပါလား၊ သင့်အတွက်တော့ တရားရုံးက ဝတ်စုံသတ်မှတ် မထားပေမယ့် မြန်မာလူမျိုး လူကြီးလူကောင်း၊ လူရည်လူမွန် တစ်ဦးဆိုတာ ပေါ်လွင်စေမယ့် ဝတ်စား ဆင်ယင်မှု ဘယ်လို ဝတ်ရမလဲ ပြောဖို့ လိုမည် မထင်ပါ။
* တရားရုံးသို့ သွားဖို့ရှိပြီဆိုရင် သင်ဘယ်သူ၊ ဘယ်ဝါ ဖြစ်ကြောင်း သက်သေခံ အထောက်အထား ဖြစ်စေမယ့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ယူသွားတာ အကောင်းဆုံးပါပဲ။
* တရားရုံးကို မှုခင်းကိစ္စနဲ့ သွားရမယ်ဆိုရင် အမှုနှင့်စပ်ဆိုင်တဲ့ စာရွက်စာတမ်း မှတ်တမ်းမှတ်ရာတွေ ယူသွားဖို့ မမေ့ပါနှင့်။ တရားရုံးကို တင်ပြရန်၊ ကြည့်ရှု ထွက်ဆိုရန်အတွက် အဆင်ပြေပါလိမ့်မယ်။

## ရွာစည်းကမ်း၊ ရပ်စည်းကမ်းလိုပါဘဲ(၂)

- တရားသူကြီး အမှုကြားနာသည့် တရားခွင်တွေမှာ နိုင်ငံတော်တံဆိပ် ချိတ်ဆွဲထားပါတယ်။ တရားခွင်သို့ဝင်ခြင်း၊ ထွက်ခြင်းပြုတိုင်း နိုင်ငံတော်တံဆိပ်နှင့် တရားသူကြီးတို့အား အလေးအမြတ်ပြုသည့်အနေနဲ့ ဦးခေါင်းညွှတ်၍ အလေးပြုပေးပါ။ တရားသူကြီး တရားခွင်တက်/ဆင်းစဉ် တရားခွင်ထဲရှိရှေ့နေရှေ့ရပ်များ၊ ဥပဒေအရာရှိများ၊ တရားရုံးအရာရှိများ အခြားတက်ရောက်သူများကဲ့သို့ မတ်တပ်ရပ်၍ တရားသူကြီးကို အရိုအသေပြုပေးပါ။
- တရားခွင်တိုင်းမှာ တရားသူကြီးနေရာ၊ နှစ်ဖက်ရှေ့နေများနေရာ၊ သက်သေနေရာ၊ တရားခံနေရာ သတ်သတ်မှတ်မှတ် ခွဲခြားထားပြီးသားမို့ သင်ဘယ်နေရာမှာ နေရမလဲဆိုတာ သိလွယ်မှာပါ။ တရားရုံးဝန်ထမ်းများကလည်း ကူညီကြမှာပါ။
- ကလေးနှင့် အသက် ၁၈ နှစ်အောက် ရှိသူများအား ယေဘုယျအားဖြင့် တရားခွင်အနှောင့်အယှက်မဖြစ်စေဖို့ ဝင်ခွင့်မပြုရခြင်း ဖြစ်ပါတယ်။

# ရှာစည်းကမ်း၊ ရပ်စည်းကမ်းလိုပါဘဲ(၃)



- တရားခွင်အတွင်း လက်နက်ခဲယမ်းများ၊ အသံဖမ်းစက်များ၊ ကင်မရာများ၊ မှတ်ဉာဏ်ပစ္စည်းများ၊ လက်ကိုင်ကွန်ပျူတာများနှင့် လက်ကိုင်ဖုန်းများ စသည်တို့ကို တရားရုံး၏ လုံခြုံရေးအတွက် ယူဆောင်လာခြင်း မပြုရတာဖြစ်ပါတယ်။



- တရားရုံး ပရဝုဏ်အတွင်း ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကို လုံးဝရှောင်ကြဉ်ပေးခြင်းဖြင့် တရားရုံး၏ မီးဘေးလုံခြုံမှု၊ သန့်ရှင်းသပ်ရပ်မှုကို ဖော်ဆောင်ရာရောက်ပါမယ်။
- တရားခွင်အတွင်းမှာ တရားသူကြီးနှင့် တရားရုံးအရာရှိများက မေးမြန်းလို့ပြောကြား၊ ဖြေဆိုရသည်မှလွဲ၍ စကားပြောဆိုခြင်းကို မပြုရပါ။ တရားစီရင်နေမှုကို ထိခိုက်မှာစိုးလို့ တားမြစ်ထားတာပါ။ မလွဲမရှောင်သာ ပြောဖို့ဆိုဖို့ရှိရင် တရားခွင်အပြင်ထွက်၍ ပြောဆိုရမှာပါ။
- တရားခွင်အတွင်းရှိနေခိုက် ရုံးထိုင်တရားသူကြီး ညွှန်ကြားချက်များကို လေးစားလိုက်နာကြရမှာက တရားရုံးထုံးတမ်းစဉ်လာတစ်ရပ်ပါ။




# အယူခံ၊ ပြင်ဆင် အခွင့်အရေး သုံးစွဲပါ

တရားရုံးဆိုတာ နှစ်ဖက်အမှုသည်တို့၏ အနိုင် အရှုံးကို ဆုံးဖြတ်ပေးရတာပါ။ မနိုင် မရှုံး သရေ အဆုံးအဖြတ်ပေး၍ရသောရုံး မဟုတ်ပါ။ တရားရုံး၏ အဆုံးအဖြတ်ကို မကျေနပ်သူတွေ ရှိနေမှာ ဓမ္မတာပါ။

တရားသူကြီးဆိုတာလည်း မဟော်သဓာလို ဘယ်သူမှန်၊ ဘယ်သူမှား မိမိအလိုအလျောက် ခွဲခြားသိနိုင်စွမ်းရှိသူ မဟုတ်ပါ။ သက်သေခံအထောက်အထားများနှင့် ဥပဒေပြဌာန်းချက်များအပေါ် ဆင်ခြင်တုံတရားနှင့် အတွေ့အကြုံပညာရပ်များနှင့်အညီ အကောင်းဆုံးသော ဆုံးဖြတ်ချက်ကို ချမှတ်ရခြင်းပါ။

မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ လက်အောက်တရားရုံးများ၏ အဆုံးအဖြတ်သည် အပြီးအပြတ်မဟုတ်သေးပါ။ အထက်ရုံးများသို့ အယူခံတက်ရောက်ခွင့်၊ ပြင်ဆင်မှုတက်ရောက်ခွင့် ရှိပါတယ်။ ဥပဒေအရ အခွင့်အရေးရှိပါသေးလျက် အယူခံမတက်၊ ပြင်ဆင်မှု မတက်၊ တိုင်စာပို့ တရားရုံးကို ဆန္ဒပြတယ်ဆိုတာ ဥပဒေမဲ့လုပ်ရပ်တွေပါ။ တရားဥပဒေစိုးမိုးမှုကို ထိခိုက်စေသောလုပ်ရပ်တွေပါ။ တရားရုံးကိုလည်း မထီမဲ့မြင်ပြုရာရောက်တဲ့ လုပ်ရပ်တွေပါ။

အမှုအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည်သာ အပြီးအပြတ်ပါ။



## သင် - အကဲဖြတ်ပါ

## (အမှုမှန်ကန်မြန်ဆန်စေရေး)

Justice delayed, justice denied တရားစီရင်မှု နှောင့်နှေးတာဟာ တရားမျှတမှုကို ငြင်းပယ်ရာရောက်တယ်လို့ ဥပဒေ ဆိုရိုးရှိပါတယ်။

အမှုများ မြန်မြန်ဆန်ဆန် စစ်ဆေးပြီးပြတ်မှု မရှိသည်နှင့် အမျှ အမှန်တရားနှင့် သွေဖီနိုင်ပါတယ်။ နိုင်ငံတော်နှင့် ပြည်သူတို့ အချိန်ကုန်လူပန်းဖြစ်စေပြီး တရားရုံးအပေါ် ပြည်သူတို့၏ အားကိုး ယုံကြည်မှု လျော့ပါးစေနိုင်တာကို ကျွန်ုပ်တို့သိပါတယ်။ တရားရုံး အပေါ်မှာ သင်တို့၏ ယုံကြည်မှုအပြည့်အဝ မရနိုင်သည့်တိုင် ယုံကြည်မှုအများဆုံးဖြစ်အောင် တရားရုံးဝန်ထမ်းများ၊ တရား သူကြီးများက ဆောင်ရွက်နေကြပါတယ်။

တစ်နိုင်ငံလုံးရှိ တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းကို ၃ နှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅ - ၁၇) ပြီးဆုံးချိန်တွင် ပြစ်မှုရော၊ တရားမမှုပါ ၁၀၀% အထိ ပြီးပြတ်စေရန် ရည်မှန်းထား၍ လိုအပ်သောညွှန်ကြားမှု၊ ပြင်ဆင်မှုများ ဘက်ပေါင်းစုံမှချမှတ်ဆောင်ရွက် နေပါတယ်။

ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရဲ့လား . . . သင် အကဲဖြတ်ပေးပါ။



# သင် - အကဲဖြတ်ပါ

## (အမှုရွှေ့ဆိုင်းခြင်း)

အမှုကြန့်ကြာစေသော အကြောင်းတွေထဲမှာ ရုံးချိန်း အကြိမ်ကြိမ် ရွှေ့ဆိုင်းခြင်းများဟာ အဓိကအကြောင်းအရင်းဆိုတာ ဆန်းစစ်ချက်အရ အထင်အရှားတွေ့ရပါတယ်။

အမှုအကြိမ်ကြိမ် ရွှေ့ဆိုင်းရတာ သင့်ကြောင့်၊ တရားစွဲ အဖွဲ့ကြောင့်၊ ရှေ့နေရှေ့ရပ်ကြောင့်၊ တရားသူကြီးကြောင့် စသည်ဖြင့် တာဝန်ရှိသူ အသီးသီးပါဘဲ။ တာဝန်ရှိနိုင်သူတွေအားလုံး စိတ်တူကိုယ်တူညှိနှိုင်းဖြေရှင်းကြဖို့ ကျွန်ုပ်တို့နည်းလမ်းများ ရှာဖွေ လုပ်ဆောင်နေပါပြီ။

အမှုကြားနာရန် ချိန်းဆိုထားမှုတွင် အမှုရွှေ့ဆိုင်းမှု အမျိုးအစားအရ ခွဲခြားပြောရလျှင် တရားမမှု ၂၅%၊ ပြစ်မှု ၄၀% အထိ ရှိနေတာပါ။ ၃နှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၁၇) ပြီးဆုံးချိန် တွင် တရားမမှု ၁၀%၊ ပြစ်မှု ၂၀%အထိ လျှော့ချနိုင်ရန် ရည်မှန်းချက်ထားရှိ ဆောင်ရွက်နေပါတယ်။

ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရဲ့လား . . . သင် အကဲဖြတ်ပေးပါ။

## သင် - အကဲဖြတ်ပါ

## (တရားရုံးအပေါ် ကျေနပ်မှု)

တရားရုံးနှင့်တရားစီရင်ရေး၏ လုပ်ငန်းစဉ်အဆင့်တိုင်းတွင် ပြည်သူများအတွက် လွယ်ကူမှု၊ အဆင်ပြေမှု၊ လက်လှမ်းမီမှုဖြစ်စေရန် အဖက်ဖက်က ကြံဆစီမံပေးမှသာလျှင် ပြည်သူတို့၏ တရားရုံးအပေါ် ကျေနပ်မှုအပြည့်အဝ မရနိုင်သည့်တိုင် ကျေနပ်မှုအညွှန်းကိန်း တိုးတက်နေမည်ကို ကျွန်ုပ်တို့သိပါသည်။ တရားရုံး အပေါ် ကျေနပ်မှု တိုးတက်လာစေရန် တရားရုံးဝန်ထမ်းများ၊ တရားသူကြီးများက ဆောင်ရွက်လျက်ရှိပါတယ်။

တရားရုံး အသုံးပြုသူများအပေါ် ကောက်ယူထားသော စစ်တမ်းအရ တရားရုံးအပေါ် သင်တို့၏ ကျေနပ်မှု ၆၁. ၅၅ % သာ ရှိသည်ကို ကျွန်ုပ်တို့သိထားပါတယ်။ ၃ နှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅ - ၁၇) ပြီးဆုံးချိန်တွင် တရားရုံးအပေါ် ကျေနပ်မှု ၈၀% အထိရောက်အောင် ရည်မှန်းချက်ထား၍ ဆောင်ရွက်နေပါတယ်။

ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရဲ့လား . . .
သင် အကဲဖြတ်ပေးပါ။



USAID
FROM THE AMERICAN PEOPLE